**မြင်းစုကျေးရွာ**

**တောင်တွင်းကြီးမြို့နယ်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြင်းစုကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

## မာတိကာ

| | | စာမျက်နှာ |
|---|---|---|
| စကားချီ | | ၅ |
| တောင်တွင်းကြီးမြို့နယ် ၊ မြင်းစုကျေးရွာအရင်းအမြစ်ပြမြေပုံ | | ၆ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | ၇ |
| (၁) | နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၇ |
| ၁။ | တည်နေရာနှင့် ပထဝီအနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၉ |
| ၃။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၉ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၉ |
| | ( ခ) စီပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၁၀ |
| | ( ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၁၁ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၁၁ |
| | ( င) ပညာရေး | ၁၂ |
| | ( စ) ကျန်းမာရေး | ၁၂ |
| | (ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၂ |
| | ( ဇ) ကျား/မ ရေးရာ | ၁၃ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | ၁၄ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | ၁၅ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ | ၁၆ |
| | ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၁၆ |
| | ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား | ၁၇ |
| | ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခ နှုန်းထား | ၂၁ |
| | ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု | ၂၂ |
| | ဇယား (၅) ခတ်သတ္တု နှင့် အခြားသဘာဝရင်းမြစ်များ | ၂၃ |
| | ဇယား (၆) ဥစ္စာနေအဆင့် အခြေအနေ | ၂၄ |
| | ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၂၅ |
| | ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ | ၂၆ |

| | | |
|---|---|---|
| ဇယား (၉) | ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၂၇ |
| ဇယား (၁၀) | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ၂၈ |
| ဇယား (၁၁) | ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၂၉ |
| ဇယား (၁၂) | ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ | ၃၁ |
| ဇယား (၁၃) | ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၃၂ |
| ဇယား (၁၄) | ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ | ၃၃ |
| ဇယား (၁၅) | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၃၄ |
| ဇယား (၁၆) | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၃၅ |
| ဇယား (၁၇) | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၃၆ |
| ဇယား (၁၈) | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ | ၃၇ |
| ဇယား (၁၉) | မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ | ၃၉ |
| ဇယား (၂၀) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၄၀ |
| ဇယား (၂၁) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၄၂ |
| ဇယား (၂၂) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၄၄ |
| ဇယား (၂၃) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၄၆ |
| ဇယား (၂၄) | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ | ၄၈ |
| ဇယား (၂၅) | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း | ၄၉ |
| ဇယား (၂၆) | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၄၉ |
| ဇယား (၂၇) | ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက် လက်လှမ်းမီမှုအခြေအနေ | ၅၀ |
| ဇယား (၂၈) | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၅၁ |
| ဇယား (၂၉) | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၅၄ |
| ဇယား (၃၀) | မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | ၅၅ |
| ဇယား (၃၁) | ကျောင်းတက်နှုန်း | ၅၅ |
| ဇယား (၃၂) | စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ | ၅၆ |
| ဇယား (၃၃) | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၅၇ |

| | | | |
|---|---|---|---|
| | ဇယား (၃၄) | အဖြစ်များသော ရောဂါများ | ၅၈ |
| | ဇယား (၃၅) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၅၉ |
| | ဇယား (၃၆) | ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ | ၆၀ |
| | ဇယား (၃၇) | သောက်သုံးရေ ရရှိနိုင်မှု | ၆၁ |
| | ဇယား (၃၈) | အိမ်သာ အမျိုးအစား | ၆၃ |
| | ဇယား (၃၉) | ကျား – မ ရေးရာ | ၆၃ |
| | ဇယား (၄၀) | ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ | ၆၄ |
| | ဇယား (၄၁) | ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ | ၆၅ |
| | ဇယား (၄၂) | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၆၆ |
| | ဇယား (၄၃) | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၆၇ |
| | ဇယား (၄၄) | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၆၇ |
| | ဇယား (၄၅) | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ | ၆၈ |
| | ဇယား (၄၆) | ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၆၉ |
| | ဇယား (၄၇) | ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများ လက်လှမ်းမီမှု | ၇၀ |
| | ဇယား (၄၈) | မှုခင်းဖြစ်ပွားမှု အခြေအနေ | ၇၁ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ | | ၇၂ |
| | ကိုးကားစာရင်း | | ၇၉ |

**စကားချီး**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ **မြင်းစု**ကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ပထမဆုံးစတင်ရေးဆွဲသောအစီအစဉ်ဖြစ်ပါသည်။ စီမံကိန်း ဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်း ၊ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ အားလုံး ကျေးဇူးတင်ရှိပါသည်။

ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိရပ်ဖများနှင့်သာ ရေးဆွဲတိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစား ပေါင်းစုံ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာ လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ် တိုင်ပင်ဆွေးနွေးမှုများတွင် မဆို လူထုပူးပေါင်းပါဝင်နိုင်ရေး အလေးထား ဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍအစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိလာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်မည် ဖြစ်ပါသည်။ထိုသို့ မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့်သင့်လျော်သော အဖွဲ့အစည်းများ ၊ ဦးစီးဌာနများထံ တင်ပြတောင်းခံနိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏

ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော **မြင်းစု** ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း စာအုပ်အား စီမံကိန်းကာလအတွင်းသာ အသုံးပြုခြင်းမဟုတ်ဘဲ ပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင် ဖြည့်စွက်၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မြင်းစုကျေးရွာ
တောင်တွင်းကြီးမြို့နယ်

**တောင်တွင်းကြီးမြို့နယ် ၊ မြင်းစုကျေးရွာ အရင်းအမြစ်ပြမြေပုံ**




ရည်ညွှန်း- တောင်တွင်းကြီးမြို့နယ် ၊ ရေဝေကျေးရွာအုပ်စု ၊ မြင်းစုကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်**

(၁) **နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) **ရည်ရွယ်ချက်**

မြင်းစုကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ရေးဆွဲရေးအတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှုးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့်ကျွန်တော်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာများ ၊ ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်တော်တို့အနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

( ခ) **နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်တော်တို့၏အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့်၊ ခရိုင်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာ

လိုလားချက်များ ၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစား လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက် များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာ နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ချေးငွေအဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်း များအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါသည်။

( ဂ ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

## ၁။ **တည်နေရာနှင့် ပထဝီအနေအထား**

မြင်းစုကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ တောင်တွင်းကြီးမြို့၏ အနောက်ဘက်တွင် တည်ရှိပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး တောင်တွင်းကြီး–မကွေး ကတ္တရာလမ်း

နှင့် (၂)မိုင်ခန့်သာ ကွာဝေးပါသည်။မြင်းစုကျေးရွာသည် မြောက်လတ္တီကျူ (၁၉) ဒီဂရီ (၅၇)မိနစ်နှင့် အရှေ့လောင်ဂျီကျူ (၉၅)ဒီဂရီ (၅၉)မိနစ်ကြားတွင် တည်ရှိပါသည်။အမြင့်ဆုံးအပူချိန်မှာ ဧပြီလတွင် (၄၀)ဒီဂရီ စင်တီဂရိတ်ရှိပြီး အနိမ့်ဆုံးအပူချိန် ဇန်နဝါရီလတွင် (၂၇) ဒီဂရီစင်တီဂရိတ် ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်(၄၃၅)ပေရှိပြီး မိုးအများဆုံး ရွာသွန်းသောလများမှာ ဇူလိုင်လ နှင့် ဩဂုတ်လ တို့ဖြစ်ပါသည်။မိုးတွင်းကာလ၌ မြေနိမ့်ပိုင်းလွင်ပြင် ဖြစ်သောကြောင့် လမ်းများသည် မြေသားလမ်းများဖြစ်နေသည့်အတွက် ရေအိုင် ရွှံ့ဗွက်များ ဖြစ်နေခြင်းကြောင့်သာ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲမှုရှိသည်သာ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂။ **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

ကျေးရွာသည် နှစ်စဉ်မိုးရေချိန် (၄၀)လက်မခန့် ရွာသွန်းပြီး သဘာဝပေါက်ပင်များမှာ မန်းကျည်း ၊ တမာ ၊ ကုက္ကို ၊ ထန်းပင် ၊ ဇီးပင် နှင့်အခြားသော သစ်ပင် မျိုးစိတ်များ ပေါက်လေ့ ရှိပါသည်။မိုးစပါးစိုက်ပျိုးနိုင်သော လယ်ဧကမှာ (၁၁၆၉)ဧကခန့်ရှိသည့်ထဲမှ ရန်ပယ်ချောင်းကို တစ်ဖက်ကပ် ကိုယ်ထူကိုယ်ထဆည်ပြုလုပ်၍ ရေသွင်းမြောင်း ပြုလုပ်စိုက်ပျိုးဧကသည် (၅၀၀) ဧကခန့် ရှိပါသည်။ကျန်ဧကများသည် မိုးရွာသွန်းမှုတစ်ခုတည်းကိုသာ အားထားစိုက်ပျိုးနေရသော ဧကများဖြစ်သည်။နှမ်းစိုက်ပျိုးသော တောင်ယာ မြေဧကသည် (၁၁၀.၅) ဧကရှိသည်။ကိုင်း ကျွန်း မြေပဲစိုက်ပျိုးသော ဧကသည် (၁၂၂) ဧကရှိသည်။ရေသွင်းမြောင်း ပြုလုပ်၍ စိုက်ပျိုးသော စပါးစိုက် မြေဧက (၅၀၀) ခန့်အား စပါးစိုက်ပျိုးရိတ်သိမ်းပြီးချိန်တွင် ဆောင်းရာသီ နောက်ကျ သီးနှံအဖြစ် မတ်ပဲကို စိုက်ပျိုးကြသည်။မြေအောက်ရေတွင်းမှ ရေကို မိုးရွာသွန်းမှုတစ်ခုတည်း ကိုသာ အားထားစိုက်ပျိုးသော စပါး လယ်မြေ (၆၆၉) ဧကများကို သီးနှံအောင်မြင်မှုအတွက် ရေလိုအပ် ချိန်တွင် ရေစုပ်စက်များဖြင့် စုတ်တင်ပြီး သီးနှံအောင်မြင်ရန် အသုံးပြုကြပါသည်။မိုးရာသွန်းမှု တစ်ခုတည်းကိုသာ အားကိုး စိုက်ပျိုးသော လယ်မြေများကို သီးထပ် သီးနှံအတွက် စိုက်ပျိုးရန် မြေအောက်ရေ ရရှိမှု ကောင်းမွန်သဖြင့် ရေအရင်းအမြစ် ရရှိမှုကောင်းပါသည်။ ကျေးရွာ၏ မြောက်ဘက်ရှိ ရန်ပယ်ချောင်းမှလည်း သဲ သယံဇာတ ထိုက်သင့်သလောက် ကောင်းစွာ ထုတ်ယူ နိုင်သဖြင့် သဲကို အခြေခံပြုလုပ်နိုင်သော လုပ်ငန်းများ လုပ်ကိုင်ရန် ကောင်းမွန်ပါသည်။

၃။ **ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေ**

(က) **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာတွင် ရပ်မိရပ်ဖ ၊ လူငယ် ၊ မီးသတ် ၊ အမျိုးသမီးအဖွဲ့ ၊ နာရေးအသင်း ၊

စာသင်ကျောင်း ပညာရေးအဖွဲ့ ၊ ပရဟိတအဖွဲ့ စသော အဖွဲ့အစည်းများ ဖွဲ့စည်းထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ဆိုင်သော ဘာသာရေး ၊ သာရေး ၊ နာရေး ၊ ပညာရေး ၊ လူမှုကိစ္စကြီးငယ်များ ပေါ်ပေါက်လာလျှင် အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ဆောင်ရွက်ရမည့် ကဏ္ဍပေါ်မူတည်ပြီး စုပေါင်းစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ကြသော အလေ့အကျင့်ကောင်းများ ရှိပါသည်။ပြင်ပမှလည်း လယ်ယာစိုက်ပျိုးရေး ဘဏ် ၊ သမဝါ ယမ ၊ ပက်စ်မြန်မာ ၊ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်သားများ အခြေခံ အလုပ်သမားအဖွဲ့အစည်းများလည်း ရှိပါသည်။

(ခ) **စီးပွားရေးနှင့် အသက်မွေးမြူမှုအခြေအနေ**

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် နှစ်စဉ် စပါး ၊ နှမ်းများကို စိုက်ပျိုးနိုင်ကြပြီး စပါးစိုက်မြေများ ရိတ်သိမ်းပြီးသော လယ်မြေများဖြစ်သော ရေသွင်းစိုက်ပျိုးလယ်မြေများကို မတ်ပဲသီးနှံအား သီးထပ်သီးနှံအဖြစ် စိုက်ပျိုးကြသည်။ဆောင်းရာသီတွင် ကိုင်းကျွန်းမြေများကို ဆောင်းမြေပဲများ စိုက်ပျိုးကြသည်။ စပါးနှင့် နှမ်းသည် မိုးရွာသွန်းမှု ၊ မိုးခေါင်မှုပေါ်မူတည်၍ သီးနှံအထွက်နှုန်း အတိုး အလျော့ ရှိပါသည်။ စပါး တစ်ဧက အနည်းဆုံး (၃၀)တင်းမှ အများဆုံး (၈၀)တင်းထိသာ ထွက်ရှိပြီး ပျမ်းမျှ (၅၀) တင်းရှိပါသည်။နှမ်း တစ်ဧက အနည်းဆုံး (၄)တင်းမှ အများဆုံး(၁၀)တင်းထိသာ ထွက်ရှိပြီး ပျမ်းမျှ (၆) တင်း ထွက်ရှိပါသည်။ဆောင်းရာသီမြေပဲ တစ်ဧက အနည်းဆုံး (၂၅) တင်းမှ အများဆုံး (၄၀) တင်းထိသာ ထွက်ရှိပြီး ပျမ်းမျှ (၃၀) တင်းသာ ထွက်ရှိပါသည်။

မြေအောက်ရေရရှိခြင်းသည် မိုးရာသီကုန် ဆောင်းရာသီအချိန် ရိတ်သိမ်းပြီး စပါး လယ်မြေများတွင် အကျိုးအမြတ်များ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးရန် အခွင့်ကောင်းတစ်ခု ဖြစ်သည်။ ဒေသခံလယ်သမားများသည် သီးထပ် နောက်ကျ၍ မတ်ပဲသီးနှံကိုသာ စိုက်ပျိုးနေသည့်အတွက် ဆောင်းရာသီထွက်ကုန်သီးနှံများမှ အကျိုးဖြစ်ထွန်းမှု နည်းပါးသောကြောင့် လူငယ်များသည် ပြည်တွင်း ပြည်ပသို့ ထွက်၍ ဝင်ငွေများ ရှာကြရပါသည်။လူငယ်များ ပြည်တွင်း ပြည်ပ ထွက်၍ ဝင်ငွေရှာကြရသောကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် လုပ်သား ရှားပါးလာပါသည်။သက်ဆိုင်ရာ ဌာန အဖွဲ့အစည်းမှ စိုက်ပျိုးရေး နည်းပညာပေး သင်တန်းများဖွင့်လှစ်ခြင်း ၊ စိုက်ပျိုးရေး နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ခြင်း နှင့် စိုက်ပျိုးရေးသုံး စက်ကိရိယာများအား အရစ်ကျ

စနစ်ဖြင့် ရောင်းချပေးနိုင်ခြင်းများ ရရှိပါက ကျေးရွာ၏ စိုက်ပျိုးကဏ္ဍ တိုးတက်လာမည်ဟု ယုံကြည်ရပါသည်။

ကျေးရွာအတွင်း တောင်သူများအပြင် ကျပန်းလုပ်ကိုင်ကြသူများ ရှိသော်လည်း ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အတတ်ပညာနှင့်ကျွမ်းကျင်မှုအားနည်းခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ထို့ကြောင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပို့ချပေးမည်ဆိုပါက ကျေးရွာ၏ စီးပွားရေးအခြေအနေမှာ ပိုမို တိုးတက်လာပြီး ကျေးရွာတွင်း လုပ်သာရှားပါးမှု အခက်အခဲလည်း ကျော်လွှားလာနိုင်မည်ဟု ယုံကြည်ရပါသည်။

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

မြင်းစုကျေးရွာတွင် အလယ်တန်းကျောင်း ရှိပါသည်။တစ်ထပ်ကျောင်းဆောင် (၄)ဆောင် ရှိသည့်အနက်မှ (၂) ဆောင်သည်သာ သွပ်မိုး ၊ အုတ်နံရံ ၊ တမံတလင်း ကြမ်းခင်းရှိပြီး နောက်ထပ်(၁)ဆောင်သည် သွပ်မိုး အုတ်နံရံအဆင့်သာရှိ၍ ကြမ်းခင်းလုံးဝ မရှိပါ။ကျန် (၁) ဆောင်သည် သစ်သားတိုင်စိုက်ထူ သွပ်မိုး၊ထရံကာ အဆင့်၌သာရှိပြီး ကြမ်းခင်း လုံးဝ မရှိပါ။ ကျောင်းသား/သူများအတွက် လိုအပ်သော သောက်သုံးရေကို အဝိစီတုံကင် စက်တပ်ရေတွင်းမှ ရရှိသော ရေများကိုသာသုံးစွဲလျက်ရှိပါသည်။

ကျန်းမာရေးဝန်ဆောင်မှုအတွက် မြင်းစုကျေးရွာတွင် ဆေးပေးခန်း မရှိပါ။ကျန်းမာရေးလုပ်သားများ ၊ အရန်သားဖွားများ ရှိပါသည်။ကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင်မိခင် နှင့် ကလေးသူငယ်များကို လစဉ် ကျန်းမာရေး စောင့်ရှောက် ကာကွယ်ဆေး ထိုးနှံ တိုက်ကျွေးမှုများ ရှိပါသည်။

ကျေးရွာတွင်း လမ်းများ ၊ ကုန်ထုတ်လမ်း နှင့် ကျေးရွာချင်းဆက် လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးရွာသွန်းမှုများချိန်တွင် ရွှံ့ဗွက်များ ထူထပ်သဖြင့် သွားလာရန် ခက်ခဲပါသည်။ထို့ကြောင့် ကျေးရွာအတွင်းတွင် ကွန်ကရစ်လမ်း ၊ ရွာချင်းဆက်လမ်း ၊ ကုန်ထုတ် လမ်းများကို

ကျောက်ကြီးခင်းလမ်းအဖြစ် အဆင့်မြင့်တင်လျှင် မြင်းစုကျေးရွာတွင် သွားလာရ ပိုမို လွယ်ကူမည် ဖြစ်ပြီး ရွာသူ/သားများအတွက် ပိုမိုအကျိုးရှိမည်ဖြစ်ပါသည်။

ကျေးရွာတွင်း မီးလင်းမှုနှင့်ပတ်သက်၍ ကိုယ်ထူကိုယ်ထ တစ်ဦးချင်းပိုင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာများကိုသာ အသုံးပြုလျက်ရှိပြီး မိသားစု စားဝတ်နေရေးကို အဓိကထား ရှာဖွေနေရသော မိသားစုများတွင် ဖယောင်းတိုင်မီးကိုသာ သုံးစွဲနေရပါသည်။ ကျေးရွာရှိ ရပ်မိရပ်ဖ ၊ လူငယ် ၊ မီးသတ် ၊ အုပ်ချုပ်ရေးအဖွဲ့များမှ ကျေးရွာတွင် အိမ်ထောင်စု အားလုံး ဆိုလာရရှိရန် မီးဘေးအန္တရာယ်ကျရောက်မှု ကာကွယ်ရန် မီးဘေးကြိုတင်ကာကွယ် ရေးအနေဖြင့် နီးစပ်ရာ အလှူရှင်များသို့ ပံ့ပိုးပေးနိုင်မည့်သူများကို ရှာဖွေ၍ လှူဒါန်းမည့်သူများနှင့် ဆက်သွယ်မှု ရရှိစေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

ကျေးရွာ ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါး စိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ် ထုတ်ချေးပေးပါသည်။အခြားအသေးစားချေးငွေ ဝန်ဆောင်မှုများဖြစ်သော ပက်စ်မြန်မာ ၊ သမဝါ ယမ ၊ စာသင်ကျောင်း ပညာရေးကော်မတီအဖွဲ့များရှိသော်လည်း တောင်သူလယ်သမားများသာမက အခြားသော ကျပန်း အလုပ်သမားများအတွက်ပါ အတိုးနှုန်း နည်းစွာဖြင့် ကာလလတ် ၊ ကာလရှည် ၊ တစ်ပိုင်တစ်နိုင် ၊ စက်မှုလက်မှုလုပ်ငန်း ၊ မွေးမြူရေး လုပ်ငန်းများ ပြုလုပ်နိုင်ရန် လိုအပ်ပါသည်။

(င) **ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အလယ်အလတ် ရှိကြောင်း သိရပါသည်။ ရွာသားအများစုသည် မူလတန်းအဆင့် ၊ အလယ်တန်းအဆင့် တက်မြောက်ပြီး သူများသည် တက္ကသိုလ်အဆင့် အောင်မြင်ပြီး ဘွဲ့ရရှိပြီးသော်လည်း လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ကြသူများလည်း ရှိပါသည်။ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းရှိပြီး အထက်တန်းအဆင့်ကို တောင်တွင်းကြီးမြို့သို့လည်းကောင်း ၊ ကိုးပင်အထက်တန်းကျောင်းသို့ လည်းကောင်း သွားရောက် ပညာသင်ကြားရပါသည်။အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်း မမီသော ကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာနိမ့်ကျဆဲ ဖြစ်ပါသည်။

(စ) **ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက် နည်းပါးပါသည်။ကျန်းမာရေးဌာနမှ ကျန်းမာရေး အသိပညာ

ဟောပြောပေးမှုများ ရှိခြင်း ၊ ရေဒီယို ၊ တီဗွီ ကြည့်ရှုနားထောင်ကြရသောကြောင့် ကျန်းမာရေး အသိပညာရှိသူ အများအပြားရှိသည့်အတွက် မိုးရာသီတွင် ကလေးသူငယ်များ နှင့် သက်ကြီးရွယ်အို များသို့ ကူးစက်တက်သော သွေးလွန်တုပ်ကွေးရောဂါမှအစ အခြားသော ရောဂါများ ကျရောက်ဖွယ် ကျရောက်မှုရှိချိန်တွင် သတိထား ဂရုစိုက်မှုရှိသောကြောင့် ဖြစ်လာလျှင် အချိန်မီ ဆေးရုံ ဆေးခန်းသို့ သွားရောက်ကုသကြပါသည်။မြင်းစုကျေးရွာသည် သဘာဝ မြေဩဇာများကို အဓိကထား သုံးစွဲသော စိုက်ပျိုးသီးနှံများကို စားသုံးကြသောကြောင့် ဓာတုဆေးဝါးအန္တရာယ် ကျရောက်ခံစားမှု မတွေ့ရှိ ရသေးပါ။သို့သော် နောင်တချိန်တွင် ဤစိုက်ပျိုး သီးနှံဖြစ်ထွန်းမှုမှ ဓာတုဗေဒ ဆေးအန္တရာယ် ၊ ပိုးမွှားကျရောက်မှု ကာကွယ်ခြင်းမှ ဘေးအန္တရာယ်များကို မကျရောက် မခံစားရစေရန် သုံးစွဲပုံ သုံးစွဲနည်း ၊ ပက်ဖျန်းမှု အခြေအနေကို ကောင်းစွာ မသိရှိ မသုံးစွဲတက်သောကြောင့် ဖြစ်ပေါ် လာမည့် အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် စိုက်ပျိုးရေး အသိပညာပေး ဟောပြောမှုများ မရှိသေး၍ ပြုလုပ်ပေးစေလိုပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာ၏ မြောက်ဘက်၌ရှိသော ရန်ပယ်ချောင်းသည် အရှေ့မှ အနောက်သို့ စီးဆင်း နေလျက်ရှိပါသည်။မိုးရာသီတွင် ချောင်းရေစီးဆင်းမှုကြောင့် ကိုင်းကျွန်း မြေများ၌ မိုးရာသီ သီးနှံ များ ၊ ဆောင်းရာသီ၌ ဆောင်းရာသီ မြေပဲများကို စိုက်ပျိုးကြပါသည်။ကိုင်းကျွန်း မြေများသည် ရန်ပယ်ချောင်း ရေးစီးဆင်းမှု တစ်နှစ်ထက်တစ်နှစ် ရေကြောင်းပြောင်းလဲမှုကြောင့် သီးနှံစိုက်ခင်း များ ၊ ကိုင်းကျွန်းမြေများ ရေတိုက်စားခံရသဖြင့် ဆုံးရှုံးမှုများ နှစ်စဉ် ဖြစ်ပေါ်လျက်ရှိပါသည်။ ရန်ပယ်ချောင်း ရေစီးဆင်းမှု တည်မြဲစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း ဖြစ်မြောက်မှု မရှိသေးပါ။မြင့်ရာမှ စီးဆင်းလာသော ရေများကို တစ်ဖက်ကပ်ဆည် ရေသွယ်ကြောင်းများနှင့် ပြုလုပ် ရေသွင်းစိုက်ပျိုးသော စပါးစိုက်ဧက (၅၀၀)ခန့် သည်လည်း စိုက်ပျိုးသီးနှံ ဖြစ်ထွန်းမှု လျော့နည်းမှုများ ရှိလာပါသည်။စိုက်ပျိုးသီးနှံ ဖြစ်ထွန်းမှု ဆုံးရှုံးမှု တစ်နှစ်ထက် တစ်နှစ် များပြားသည့်အတွက် ရှေးယခင်ကတည်းက စိုက်ပျိုးရေကိုသာ အဓိကထား စိုက်ပျိုး မွေးမြူ ကြသူများ ဖြစ်သည့်အတွက် စိုက်ပျိုးလယ်ယာများကို ပျက်စီးခြင်း ၊ ဆုံးရှုံးရခြင်း မရှိစေရန်နှင့် နောင်မျိုးဆက်သစ်များအတွက် ဆက်လက် ထိန်းသိမ်းစောင့်ရှောက် ထားလျက်ရှိပါသည်။

(ဇ) **ကျား/မ ရေးရာ**

ကျေးရွာတွင် အမျိုးသမီးများသည် ကျေးရွာအုပ်ချုပ်ရေးကဏ္ဍတွင် ပါဝင် ဆောင်ရွက်မှု မရှိကြသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း သာရေး ၊ နာရေး ၊ လူမှုရေး ၊ ကျန်းမာရေး ၊ ပညာရေး ၊ စိုက်ပျိုးရေး စသည့်လုပ်ငန်းများတွင် အမျိုးသားများ၏ ဦးဆောင်မှု

နှင့်အတူ ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။မူလတန်း ၊ အလယ်တန်း ၊ အထက်တန်း ၊ တက္ကသိုလ်ပညာရပ်များ ပြီးမြောက်သည်အထိ ကျား/မ မခွဲခြားဘဲ ပညာသင်ကြားရန် အမြဲ အားပေးမှု ရှိသည်။သွားရောက် ပညာသင်ကြားခြင်းကိုလည်း လိုအပ်မှု ရှိသလောက် ထောက်ပံ့ ပံ့ပိုးပေးသည်။မိခင်များ၏ အသိပညာမြင့်မားမှုရှိမှသာလျှင် မိသားစုကျန်းမာရေး ၊ ဘဝတိုးတက်ရေး၊ ယဉ်ကျေးမှု ရိုးရာထိန်းသိမ်းခြင်း စသော အစစအရာရာများ အဆင်ပြေ တိုးတက်မှုရှိသည်ကို အမျိုးသားများမှ လက်ခံယုံကြည်မှု ရှိသဖြင့် မြင်းစုကျေးရွာတွင် ကျား/မ ရေးရာ ခွဲခြားမှု မရှိဘဲ တန်းတူ အခွင့်အရေး ရရှိကြပါသည်။

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာအမည် | စီမံချက်အမည် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ရေဝေ | မြင်းစု | ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း | ၁ | |
| ၂ | | | စာသင်ကျောင်းဆောင် အဆင့်မြှင့်တင်ခြင်း | ၂ | |
| ၃ | | | ကျန်းမာရေးဆေးပေးခန်းရရှိရေး | ၃ | |
| ၄ | | | မြင်းစုနှင့်ကိုးပင်သို့ ဆက်သွယ်သည့် လမ်း အဆင့်မြှင့်တင်ခြင်း | ၄ | |
| ၅ | | | ရန်ပယ်ချောင်းကူးတံတား ရရှိရေး | ၅ | |
| ၆ | | | ကျေးရွာတွင်းအုတ်ရေနုတ်မြောင်းရရှိရေး | ၆ | |
| ၇ | | | အတိုးနှုန်းသက်သာသည့် ချေးငွေရရှိခြင်း | ၇ | |
| ၈ | | | စာကြည့်တိုက်ရရှိရေး | ၈ | |
| ၉ | | | လျှပ်စစ်မီးရရှိရေး | ၉ | |
| ၁၀ | | | အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ပေးခြင်း | ၁၀ | |
| ၁၁ | | | စိုက်ပျိုးရေးနည်းပညာ ဟောပြောပွဲ ပြုလုပ်ခြင်း | ၁၁ | |
| ၁၂ | | | ကုန်ထုတ်လမ်း ရရှိရေး | ၁၂ | |

**တောင်တွင်းကြီးမြို့နယ် ၊ မြင်းစု ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ**

| စဉ် | လုပ်ငန်းအမည် | အဆင့် | ၂၀၁၈ – ၂၀၁၉ | ၂၀၁၉ – ၂၀၂၀ | ၂၀၂၀ – ၂၀၂၁ | ၂၀၂၁ – ၂၀၂၂ | ၂၀၂၂ – ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း | ၁ | √ | | | | |
| ၂ | စာသင်ကျောင်းဆောင် အဆင့်မြှင့်တင်ခြင်း | ၂ | | | | √ | |
| ၃ | ကျန်းမာရေးဆေးပေးခန်းရရှိရေး | ၃ | | √ | | | |
| ၄ | မြင်းစုနှင့်ကိုးပင်သို့ ဆက်သွယ်သည့် လမ်းအဆင့်မြှင့်တင်ခြင်း | ၄ | | | | √ | |
| ၅ | ရန်ပယ်ချောင်းကူးတံတား ရရှိရေး | ၅ | √ | | | | |
| ၆ | ကျေးရွာတွင်းအုတ်ရေနုတ်မြောင်းရရှိရေး | ၆ | | √ | | | |
| ၇ | အတိုးနှုန်းသက်သာသည့် ချေးငွေရရှိခြင်း | ၇ | | | | | √ |
| ၈ | စာကြည့်တိုက်ရရှိရေး | ၈ | | | √ | | |
| ၉ | လျှပ်စစ်မီးရရှိရေး | ၉ | | √ | | | |
| ၁၀ | အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်ပေးခြင်း | ၁၀ | | | √ | | |
| ၁၁ | စိုက်ပျိုးရေးနည်းပညာ ဟောပြောပွဲ ပြုလုပ်ခြင်း | ၁၁ | | | √ | | |
| ၁၂ | ကုန်ထုတ်လမ်း ရရှိရေး | ၁၂ | √ | | | | |

**နောက်ဆက်တွဲ (ခ)**

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၄ | ၉ | ၂၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၄ | ၂၉ | ၆၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၄ | ၃၄ | ၆၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၄ | ၅၁ | ၁၀၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၉၅ | ၄၇၈ | ၉၇၃ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၄၃ | ၆၉ | ၁၁၂ |
| **စုစုပေါင်း** | | **၆၇၄** | **၆၇၀** | **၁၃၄၄** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၈၉** | | |

ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် (၅)နှစ်အောက် နို့စို့ကလေးအရွယ် (၈၆) ယောက် ၊ (၅)နှစ်မှ (၁၄) နှစ်အထိ (၁၇၃) ယောက် ၊ (၁၅) နှစ်မှ (၆၄) နှစ်အထိ (၉၇၃) ယောက် ၊ (၆၄) နှစ်နှင့်အထက် (၁၁၂) ယောက်ရှိပြီး အလုပ်လုပ်နိုင်သော လူဦးရေသည် (၇၂%) ရှိသည့်အတွက် အလုပ်လုပ် နိုင်သည့်လူ့စွမ်းအား အရင်းအမြစ် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

**(ခ)　　အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွားလုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၃၃ | ၄၂၃ | - | မြင့်□လတ် √နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | ၃၁ | ၄၃ | - | မြင့်□လတ်□နိမ့်□ |
| ၂ | **တိရစ္ဆာန်မွေးမြူရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၂၅ | - | မြင့်□လတ်□နိမ့်√ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၃ | **ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း ၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | **အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | ၂ | မြင့်☐လတ်☐နိမ့်√ |
| | အလုပ်သမား/ဝန်ထမ်း | - | ၁ | - | မြင့်☐လတ်☐ နိမ့်√ |
| ၇ | **လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁၀ | ၁၆ | ၅၅ | မြင့်☐လတ်√နိမ့်☐ |
| ၉ | **ယာဉ်၊စက်ကိရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | - | မြင့်☐လတ်☐နိမ့်√ |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၅ | မြင့်☐လတ်☐နိမ့်√ |
| ၁၂ | **ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း** | | | | |

| | | | | | |
|---|---|---|---|---|---|
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၃ | **ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | ၅ | မြင့်□လတ် □နိမ့်√ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၄ | **ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၅ | **အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ရေးငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၅ | မြင့်□လတ်□နိမ့်√ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၁၁ | မြင့်□လတ်□နိမ့်√ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |

| | | | | | |
|---|---|---|---|---|---|
| | အလုပ်သမား/ဝန်ထမ်း | - | - | ၅ | မြင့်□လတ်□နိမ့်√ |
| ၁၉ | **လူမှုရေးလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |

| **စဉ်** | **လုပ်ငန်းများ** | **အဓိက အလုပ်အကိုင်** | | **အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)** | **အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **မိသားစုဝင် လုပ်အား** | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့်အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ် □နိမ့်□ |
| | အလုပ်သမား/ကျပန်း/ရာသီ အလိုက်အလုပ်သမား | - | - | - | ☒ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | ၂ | ၂ | ၂၃ | မြင့်□လတ်□နိမ့်√ |
| | **စုစုပေါင်း** | **၂၈၉** | **၅၁၂** | **၁၁၂** | ☒ |

ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဓိက အလုပ်အကိုင်ဖြင့် ဝင်ငွေရရှိရန် လုပ်ကိုင်သူ ဦးရေ များပြားကြောင်း ၊ ကျပန်း လုပ်သားများ ဝင်ရောက်လုပ်ကိုင်ခြင်း ၊ အခြားဝင်ငွေရရန် ပန်းရံ ဝန်ထမ်းနှင့် ရောင်းဝယ်ရေးတို့မှာ အနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။အိမ်များတွင် အငှား လိုက်သူများ မရှိကြောင်း တွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံး နှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ်-- ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု ၊ အမျိုးသမီး အုပ်စု ။လယ်သမားအုပ်စု ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လုပ်သားများအား နေ့စားအနေဖြင့်သာ လုပ်ကိုင်နေပြီး

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းချိန်၌ ကျား (၁) ဦးလျှင် တစ်နေ့(၆၀၀၀) ကျပ် ၊ မ(၁)ဦး (၄၅၀၀) ကျပ် အများဆုံးရရှိပြီး ကျား (၁) ဦး (၃၀၀၀) ကျပ် ၊ မ(၁)ဦး (၃၀၀၀) ကျပ် ရရှိပါသည်။ဆောက်လုပ်ရေး ပန်းရံအလုပ်သမားများတွင် ကျား(၁)ဦး တစ်နေ့(၇၀၀၀)ကျပ် ၊ မ(၁)ဦး တစ်နေ့(၆၀၀၀)ကျပ် ရရှိပြီး ကျား(၁)ဦး တစ်နေ့ (၅၀၀၀) ကျပ် ၊ မ(၁)ဦး တစ်နေ့ (၅၀၀၀) ကျပ် အနည်းဆုံး ရရှိပါသည်။ မြင်းစုကျေးရွာတွင် မြေယာနည်း မိသားစု (၁၈) ဦး ၊ မြေယာမဲ့ မိသားစု (၄၂) ဦးရှိသည်။မြေယာမဲ့ မိသားစုများသည် ကျပန်း အလုပ်များကိုသာ လုပ်ကိုင်ပြီး မိသားစုဝင်ငွေရရှိရန် လုပ်ကိုင် ရှာဖွေ သော်လည်း နေ့စဉ် ဝင်ငွေ မရရှိပါ။မြင်းစုကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သောကြောင့် ရာသီမမှန် မိုးခေါင်သော အခါများတွင် လက်သမား ၊ ပန်းရံ ၊ ဆောက်လုပ်ရေး လုပ်ငန်းများကို လုပ်ကိုင်ရန် အလုပ်သမားများ အနေဖြင့် အခြားဒေသသို့ သွားရောက် လုပ်ကိုင် လျက်ရှိသော်လည်း လက်သမား ၊ ပန်းရံ ၊ ဆောက်လုပ်ရေး နှင့် အခြားသော စက်မှု လက်မှု လုပ်ငန်း များ၌ ကျွမ်းကျင် တက်မြောက်ထားမှု မရှိသေးသည့်အတွက် ကျား/မ တစ်နေ့လုပ်အားခသည် မိသားစု ဝင်ငွေ ဖူလုံမှု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၁၆၉ | ကောင်း ☐ သင့်√ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၁၀.၅ | ကောင်း ☐ သင့်√ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၁၂၂ | ကောင်း ☐ သင့်√ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၄၀၁.၅** | ☒ |

ရင်းမြစ် – (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ၊ (၄) ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လယ်မြေ (၁၁၆၉) ဧက ၊ ယာမြေ (၁၁၀.၅) ဧက ၊ ကိုင်းကျွန်းမြေ (၁၂၂)ဧကရှိပါသည်။လယ်မြေ ၊ ယာမြေ ၊ ကိုင်းကျွန်း မြေများသည် မြေဆီ မြေသြဇာ သင့်တင့် မျှတမှု ရှိပါသည်။ရန်ပယ်ချောင်းမှရေကို ကိုယ်ထူကိုယ်ထ တစ်ဖက်ကပ် ရေသွင်းမြောင်း ပြုလုပ်၍ ရေသွင်း လယ်မြေသည် ဧက (၅၀၀) ကျော်ရှိသော်လည်း ကျွန်း လယ်မြေဧက (၆၆၀) ကျော်သည် မုတ်သုန်မိုး ရွာသွန်းမှုပေါ်သာ အားကိုးပြီး စပါးသီးနှံများကို စိုက်ပျိုးနေရသည်။မိုးဦး မိုးရွာသွန်းမှုမမှန် နောက်ကျသောအခါ (သို့မဟုတ်) မုတ်သုန်မိုး ဆုတ်ခွာသွားသော အချိန်များ၌ စိုက်ပျိုးသီးနှံ စိုက်ပျိုးချိန် နောက်မကျရန် နှင့် စိုက်ပျိုးသီးနှံ အောင်မြင်ရန် မြေအောက်ရေကို ကျေးရွာတောင်သူများမှ ၎င်းတို့အချင်းချင်း ပိုင်ဆိုင်သော ရေစုပ်စက်များဖြင့် ရေတင် စိုက်ပျိုးနေကြရသဖြင့် စိုက်ပျိုးသီးနှံမှ ပိုလျှံဝင်ငွေ လျော့နည်းနေကြောင်း တွေ့ရှိရပါသည်။မြေအောက်ရေ ရရှိမှုသည် မြေပြင်အောက် အနက်ပေ (၁၀၀) ဝန်းကျင်တွင် စိုက်ပျိုးရေကောင်းများ ရရှိပါသည်။

## (၈–၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု**<br>(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အသုံးချနိုင်မှု**<br>(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐မရှိ √ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ√ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ √ သင့်☐ နည်း ☐မရှိ☐ | လွယ် √ခက်☐အသုံးမပြုနိုင်ပါ√ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် √ နည်း☐မရှိ☐ | လွယ်√ခက်☐အသုံးမပြုနိုင်ပါ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | ☒ |

ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိရပ်ဖ အုပ်စု ၊ သစ်တောဦးစီးဌာန ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ မြောက်ဘက်၌ရှိသော ရန်ပယ်ချောင်းမှ သဲများကို လွယ်ကူစွာ ရရှိနိုင်သည်။ အခြား တွင်းထွက် သယံဇာတများ ထွက်ရှိခြင်း မရှိပါ။မွေးမြူရေး အတွက် တိရစ္ဆာန် အစာများကို လွယ်ကူစွာ အသင့်အတင့် ရရှိနိုင်ပြီး သဘာဝ တိရစ္ဆာန် မျိုးစိပ်များ ၊ သဘာဝဆေးဖက်ဝင် အပင်များကိုလည်း အသင့်အတင့်သာ ရရှိကြောင်း တွေ့ရှိ ရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ကေမှ၁၀ ကေ | ၂ကေမှ၅ ကေ | ၂ ကေအောက် | မြေယာမဲ့ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| အိမ်အခြေအနေ | တိုက်/အိမ် | သွပ်မိုး ထရံကာ | ၃ ပင် သွပ်မိုး | သက်ကယ်မိုး ထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | ကား/ထွန်စက် သုံးဘီး/ဆိုင်ကယ် နွားလှည်း | ဆိုင်ကယ် နွားလှည်း | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | ကျပန်း | ကျပန်း |
| **အိမ်ထောင်စု** | **၁၁၀** | **၁၁၉** | **၁၈** | **၄၂** |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် နေထိုင်သော မိသားစုများကို ဥစ္စာဓန အဆင့်အနေ ဖြင့် လယ်ယာကိုင်းကျွန်းမြေ (၁၀) ဧကနှင့်အထက် တိုက် အိမ် ကား ထွန်စက်ပိုင်ဆိုင်သော တောင်သူ (၁၁၀) ဦး ၊ လယ်ယာမြေ (၅) ဧကမှ (၁၀) ဧကအထိ သွပ်မိုး ထရံကာ (၄) ပင်အိမ်၊ သုံးဘီး ဆိုင်ကယ်ပိုင်ဆိုင်သော တောင်သူ (၁၁၉) ဦး ၊ လယ်ယာမြေဧက (၂) ဧက အောက် (၃) ပင် သွပ်မိုး ထရံကာ ပိုင်ဆိုင်သော မြေယာရှိ ကျပန်း အိမ်ထောင်စု (၁၈) ဦး ၊ မြေယာမဲ့ (၃)ပင် သက်ကယ်မိုး ထရံကာ ကျပန်း လုပ်ကိုင်သော အိမ်ထောင်စု (၄၂) ဦး ရှိသည်။(၅)ဧက အထက်ရှိသော အိမ်ထောင်စုနှင့် (၂) ဧကနှင့်အထက် အိမ်ထောင်စုများသည် လယ်ယာစိုက်ပျိုးရေး နှင့် စားဝတ်နေရေး ဖူလုံမှုရှိသော်လည်း မြေယာနည်း နှင့် မြေယာမဲ့ အိမ်ထောင်စုများ သည် လယ်ယာကဏ္ဍ၌ နေ့စား အလုပ်နှင့် အခြားသောလုပ်ငန်းများ၌လည်း ရှာဖွေလုပ်ကိုင် နေကြသည်ကို တွေ့ရှိရပါသည်။

**(င) ထိနိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာ ခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ =____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆လကြား ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ =____________<br>လုပ်အားခကြိုယူ =____________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်–ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| **အကြောင်းအရာ** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၂ | - | ၂ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၉ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၄ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိ ရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် (၆၄) နှစ်အထက် ကျား (၂)ဦးရှိသည်။ကျန်တစ်ဦးသည် အိမ်ထောင် မရှိ ဆွေမျိုးများ အိမ်မှ အနည်းငယ်သာ ထောက်ပံ့မှုရှိပါ သည်။မြင်းစုကျေးရွာတွင် အမျိုးသမီး ဦးဆောင် မိသားစု (၉) စု ၊ မုဆိုးဖို အိမ်ထောင်စု (၄) စု ၊ စုစုပေါင်း (၁၃) စု ရှိပါသည်။၎င်း ဆင်းရဲသား မိသားစု(၁၃)စုသည် သားသမီးများ၏ ပညာရေး ၊ကျန်းမာရေးအတွက် လိုအပ်လာချိန်၌ လွယ်ကူစွာ ဖြေရှင်းနိုင်မှု မရှိသေးသည်ကို တွေ့ရှိရပါသည်။၎င်းမိသားစုများသည် မြေယာမဲ့ ကျပန်း အိမ်ထောင်စုများ ဖြစ်နေသည့်အတွက် ဝမ်းစာအတွက် ကျပန်း လုပ်ကိုင်စားသောက်နေကြကြောင်း တွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် √ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် √ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် √ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့် √ မရှိ ☐ |

ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိ ရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ကျပန်း အလုပ်သမားများ ၊ မြေယာမဲ့ အိမ်ထောင်စု များ (၄၂) စု ရှိပါသည်။မြင်းစုကျေးရွာတွင် အိမ်ထောင်စု (၂၈၉) စုအနက်မှ (၁၄%)ရှိ၍ ဝမ်းစာ မဖူလုံမှုများ နည်းပါးသည်။စိုက်ပျိုးမြေ နည်းခြင်း ၊ မိုးခေါင်ခြင်း ၊ အအေးလွန်ကဲခြင်း ၊ လျှော် ၊

တီဘီရောဂါ ၊ တီရစ္ဆာန်ကူးစက်ရောဂါ ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှု ဖြစ်ပေါ်ခြင်း အနည်းငယ်သာရှိသည်။အခြားသော သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် √ မရှိ ☐ |
| ၃ | ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် √ မရှိ ☐ |
